DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၉၉)

# သုံးပါးရတနာ ကိုးကွယ်ရာ


အဂ္ဂမဟာပဏ္ဍိတ

အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာခုခေါ်စေသော်


အောင်ဓမ္မ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊(၂၂)လမ်း၊လသာမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း၀၁-၃၈၄၁၉၃

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# သုံးပါးရတနာ ကိုးကွယ်ရာ

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

# သုံးပါးရတနာ ကိုးကွယ်ရာ

## မှတ်တမ်း

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း (၁၄)ရက်၊ ၂၄-၂-၂၀၁၃ တနင်္ဂနွေနေ့၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ် သဒ္ဓမ္မဇောတိက သုဓောဓာရုံကျောင်းတိုက်အတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် အဂ္ဂဝိသိဋ္ဌရဏပူဇာနှင့် သဒ္ဓမ္မဇောတက ဓမ္မာရုံတော်ကြီး ရေစက်ချ ကံထပ်အလှူတော်မင်္ဂလာ ဓမ္မသဘင် အခမ်းအနားဝယ် ဟောကြားအပ်သော **"သုံးပါးရတနာ ကိုးကွယ်ရာ"** တရားဒေသနာတော်။

"သုံးပါးရတနာ ကိုးကွယ်ရာ" တဲ့။ လောကမှာ ကိုးကွယ်ရာအဖြစ် မိမိတို့ယုံကြည်ရာ ဘာသာတရားအားလျော်စွာ ကိုးကွယ်နေကြတာအများအပြားရှိတယ်။ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ကတော့ ရတနာသုံးပါးကို ကိုးကွယ်တယ်လို့ ဒီလိုဆိုတယ်။ ဒါကြောင့်မို့ ဗုဒ္ဓ

ဘာသာဝင်တွေအနေနဲ့ သုံးပါးရတနာ ကိုးကွယ်ရာနဲ့ ပတ်သက်ပြီးတော့ မိမိတို့ ကိုးကွယ်ဆည်းကပ်နေတဲ့ ရတနာသုံးပါးအကြောင်း အလေးအနက်သိရှိဖို့ လိုအပ်တယ်။

လောကမှာ ကိုးကွယ်ဆည်းကပ်မှုတွေ အလွန်များတယ်။ မိမိတို့ ယုံကြည်ရာ ဘာသာတရားအားလျော်စွာ ကိုးကွယ်ဆည်းကပ်ကြတဲ့အထဲမှာ သုံးမျိုးသုံးစား ကိုးကွယ်ကြတဲ့နေရာမှာ ဟိန္ဒူဘာသာဝင်တွေကိုးကွယ်တာ သုံးမျိုးရှိတယ်။ သုံးမျိုးက ဘာလဲလို့ဆိုရင် ဗြဟ္မာရယ်၊ ဗိဿနိုးရယ်၊ သိဝရယ်၊ နတ်ဘုရားသုံးဖြစ်တယ်။ သူတို့ ကိုးကွယ်တာလည်း အဓိကအားဖြင့် ဒီသုံးမျိုးပဲကိုးကွယ်တာ။ ဒါကြောင့်မို့လို့ ဟိန္ဒူဘာသာကို ယုံကြည်ကိုးကွယ်ကြတဲ့ ဘာသာဝင်တွေဟာ သူတို့ရဲ့ သင်္ကေတ အမှတ်အသားက "ဦ" ဆိုတဲ့ စာလုံးလေးဖြစ်တယ်။ အိန္ဒိယစာလုံးနဲ့ ရေးထားတဲ့ "ဦ" ဆိုတဲ့ စာလုံးလေးကို အဆောင်အဖြစ် အသုံးပြုပြီး ရေးထားကြတယ်။

အဲဒီဦးဆိုတာ နက်ဘုရားသုံးဆူကို ကိုယ်စားပြုတဲ့ အက္ခရာ သုံးလုံးပဲ၊ ဒါကို မသိတော့ လူတွေက လိုက်ပြီးတော့ ဦးကိုရွတ်နေကြတာ။ ဒါလည်း သတိထား စရာပဲ၊ ဦးဆိုတာ ဗုဒ္ဓဘာသာနဲ့ မဆိုင်ဘူးလို့ ဒီလို မှတ်ထားရမယ်။ ဦးပဲဖြစ်ဖြစ် ဩောင်းပဲဖြစ်ဖြစ် အသံထွက် အမျိုးမျိုးထွက်တယ်။ ဗဟုသုတအနေနဲ့ ပြောရမယ်ဆိုရင် ဦးဆိုတဲ့စကားလုံးဟာ အ- အက္ခရာ ရယ်၊ ဉ-အက္ခရာရယ်၊ မ-အက္ခရာရယ် အဲဒီသုံးလုံးကို ပေါင်းရွတ်တာ။ အိမ်ရောက်တဲ့အခါ ကိုယ့်ဟာကိုယ် ပေါင်းရွတ်ကြည့်၊ ဒီသုံးလုံးဟာ ဘယ်အသံထွက်လာလဲ ဆိုတာ။ **အ၊ ဉ ၊ မ** အဲဒီသုံးလုံးကို ပေါင်းထွက်တယ့် ဆိုလို့ရှိရင် အုမ်(ဦး)ဆိုတဲ့ အသံ ထွက်တယ်။

အဲဒါ အ-ဆိုတာ ဗြဟ္မာကို ရည်ညွှန်းပြီး ရွတ်တာ၊ ဉ-ဆိုတာ သူတို့အခေါ် ဗိဿျနူ၊ ဗမာတွေခေါ်တာက ဗိဿနိုး၊ ဗိဿျနူ ဆိုတာ နောက်က ဉ-ဆုံးတယ်၊ ဗိဿနိုးနတ်ကို ရည်ညွှန်းပြီးတော့ ရွတ်တာ၊ မ-ဆိုတာ က ဗမာတွေ အသိအခေါ်က သိဝ၊ သူတို့အခေါ်က

သျှီဗမ်ဆိုတဲ့နတ်၊ နောက်က မ-အက္ခရာအဆုံးရှိတယ်၊ အဲဒီနတ်ဘုရားတွေကို ကိုယ်စားပြုပြီးတော့ ရွတ်တာ။ ဒါကြောင့်မို့ ဥုံဆိုတဲ့ စကားလုံးဟာ ဗုဒ္ဓဘာသာတွေနဲ့ မဆိုင်တဲ့ စကားလုံးဖြစ်သည့်အတွက်ကြောင့် မရွတ်သင့်ဘူးလို့ ဒီလိုမှတ်ရမယ်။

ခရစ်ယာန်တွေကလည်းပဲ သူတို့ ကိုးကွယ်တာ trinity လို့ခေါ်တယ်၊ သူတို့လည်း သုံးခုပဲ၊ God ဆိုတဲ့ fatherရယ်၊ သန့်ရှင်းသောဝိညာဉ်တော်ရယ်၊ သားတော်ရယ် ဆိုပြီးတော့ ဒီသုံးခု trinity ဆိုပြီးတော့ ကိုးကွယ်တာပဲ။ ကမ္ဘာမှာ ဘာသာရေးတွေ တစ်ခါတစ်ရံမှာ ခပ်ဆင်ဆင်ပဲ၊ အယူအဆလေးတွေ နီးစပ်ကြတယ်။

ဗုဒ္ဓဘာသာဝင် သူတော်စင်တွေကတော့ အဲဒီ ကောင်းကင်ဘုံက ဘုရားတွေနဲ့လည်း မသက်ဆိုင်ဘူး၊ ဘာကို ကိုးကွယ်တာတုန်းဆိုတော့ ဗုဒ္ဓ ဓမ္မ သံဃ လို့ဆိုတဲ့ ရတနာသုံးပါးကို ကိုးကွယ်တယ်။ ကိုယ်ကိုးကွယ်တဲ့ ဘာသာရဲ့ အကြောင်းအရာတွေကို ကိုယ်တိုင်သိရှိ နားလည်ပြီးတော့မှ ကိုးကွယ်တာ

ကောင်းတယ်။ ကိုးကွယ်ခြင်းရဲ့ ရည်ရွယ်ချက်ကိုလည်း နားလည်ဖို့အရေးကြီးပါတယ်။

မိရိုးဖလာဗုဒ္ဓဘာသာဝင်ဖြစ်လာတဲ့ ပုဂ္ဂိုလ်တွေက အများလုပ်လို့ လိုက်လုပ်ကြတဲ့ အနေအထားက များတယ်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားပြီးတော့မှ အလေးအနက်ထားပြီးလုပ်တာ နည်းတယ်။ ဒါကြောင့်မို့ မိမိတို့ဘဝမှာ သာမန်အနေအထားနဲ့ ကိုးကွယ်ဆည်းကပ်မှု မပြုကြဘဲနဲ့ အလေးအနက် ဆင်ခြင်သုံးသပ်ပြီး စိတ်ထဲမှာ ကျေနပ်မှ ကိုးကွယ်တာကောင်းတယ်၊ အဲဒီလို မဟုတ်လို့ရှိရင် ကိုယ့်ကိုးကွယ်မှုက လေးနက်မှုမရှိဘူး။ လေးနက်မှု မရှိသည့်အတွက်ကြောင့် တစ်ချို့မြန်မာလူမျိုးတွေရဲ့အိမ်မှာ ဘုရား၊ တရား၊ သံဃာ ဆိုတာ တင်မကဘူး။ တစ်ခြားနတ်တွေပါ ရောက်လာကြတယ်၊ အဲဒါဟာ အလေးအနက်မရှိလို့ ဒီလိုဖြစ်လာတာလို့။

ကိုးကွယ်ဆည်းကပ်မှုဆိုတဲ့ ကိစ္စမှာ ကိုးကွယ်တယ်ဆိုတဲ့ အဓိပ္ပာယ်ကိုလည်း ရှင်းရှင်းလင်းလင်း နားလည်ဖို့လိုတယ်။ ဘုရားကိုးကွယ်တာ ဘာအတွက်

ကိုးကွယ်သလဲ၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ဟောတယ် **"သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ"** လောကမှာ ဗုဒ္ဓ လို့ခေါ်တဲ့ အမှန်တရားသိတဲ့ပုဂ္ဂိုလ် ပေါ်ထွန်းတာဟာ သတ္တဝါတွေချမ်းသာဖို့အတွက်ပဲ၊ ဘယ်လိုချမ်းသာဖို့ အတွက် ဖြစ်လာသလဲလို့ဆို အဲဒီဗုဒ္ဓဆိုတဲ့ ပုဂ္ဂိုလ်က သတ္တဝါတွေ ဆင်းရဲဒုက္ခက လွတ်ကင်းပြီး ချမ်းသာသုခ ရအောင် တန်ခိုးတော်နဲ့ မ,စကယ်တင်သလားဆိုတော့ မဟုတ်ဘူး၊ လောကကြီးမှာ မ,စကယ်တင်ဖို့ ဖြစ်နိုင် သလား မဖြစ်နိုင်ဘူးလားဆိုတာ စဉ်းစားကြည့်၊ တစ်ခြား ဟာတွေမကြည့်နဲ့ ကိုယ့်သားသမီးတောင် ကိုယ် မ,လို့ ရတာမှ မဟုတ်တာ၊ ကိုယ်လုပ်ချင်တိုင်းလုပ်လို့မရဘူး၊ မ,စလို့ မရဘူး။ ကိုယ့်သားသမီးကို ပညာတတ်ကြီး ဖြစ်အောင် လုပ်ပေးနိုင်တာမှ မဟုတ်တာ။ ကိုယ် လုပ်ပေးနိုင်တာက အကြောင်းတစ်ခုကို ဖန်တီးပေးရုံ မျှသာ ဖြစ်တယ်၊ သားသမီးပညာတတ်ကြီး ဖြစ်အောင် မိဘတွေက ဘာလုပ်ပေးရလဲ၊ ကျောင်းကောင်းကောင်း ထားပေးတယ်၊ ဆရာ ဆရာမကောင်းကောင်းထံ အပ်နှံ

ပေးတယ်၊ ဒါပဲ။ သားသမီးလုပ်တဲ့ ပုဂ္ဂိုလ်က ကိုယ်တိုင် ကြိုးစားမှ ပညာတတ်ဆိုတာ ဖြစ်တာ။ ဒါဟာလောက မှာ လက်တွေ့ကျတဲ့ အရာဖြစ်တယ်။ အဲဒီလို လက်တွေ့ ကျတဲ့ အရာတစ်ခုကို မျက်နှာလွှဲပြီးတော့ အရာခပ်သိမ်း တန်ခိုးရှင်က မ,လိမ့်မယ်လို့ ယုံကြည်တာကတော့ အသိဉာဏ်နည်းပါးတဲ့ အဓိပ္ပာယ်ကို ဖော်ပြနေတာပဲ။

မဖြစ်နိုင်တာ တစ်ခုကို ယုံကြည်နေတာဟာ မှန်ကန်မှုမရှိဘူး။ ဒါကြောင့်မို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က "**ဟီတေ ပဝတ္တနေန အဟိတာစ နိဝတ္တနေန သတ္တာနံ ဘယံ ဟီသတိ ဗုဒ္ဓေါ**" လို့ စာပေ ကျမ်းဂန်မှာဆိုတဲ့အတိုင်း မြတ်စွာဘုရားကို ဘုန်းကြီး တို့တစ်တွေ ဘာကြောင့်ကိုးကွယ်ရသလဲ ဆိုတာကို စဉ်းစားကြည့်မယ်။ ဘုရား ကိုးကွယ်တာ ဘာဖြစ်လို့ ကိုးကွယ်လဲ၊ နတ်ကိုးကွယ်တာ ဘာဖြစ်လို့ ကိုးကွယ်လဲ ဆို ကြည့်လေ၊ နတ်ကိုးကွယ်တဲ့လူက အရှင်ကြီး မ,တော် မူပါလို့ လာတာလေ၊ မ,စတာ ခံချင်တာ။ စီးပွားဉစ္စာ တိုးတက်အောင် မ,စပါ။ ဘေးရန်အန္တရာယ်ကင်းအောင်

မ,စပါ၊ ဒီလို ချမ်းသာသုခ မျှော်ကိုးပြီးတော့ လက်ရှိဘဝမှာ ဖြစ်ပေါ်နေတဲ့ အနေအထားထက် ပိုပြီးတော့ တိုးတက်လာအောင် အားကိုး ယုံကြည်ပြီးတော့ ကိုးကွယ်တာ၊ မြတ်စွာဘုရားကို ကိုးကွယ်တာ အဲဒီ အဓိပ္ပာယ်မျိုး မဟုတ်ဘူး။

လောကလူသားတွေ နတ်ကို ကိုးကွယ်လာတဲ့ အချိန်တုန်းက နတ်ရဲ့အ,မ အ,စ၊ နတ်ရဲ့အကူအညီကို ယူပြီးတော့ ချမ်းသာချင်တယ်၊ ကြွယ်ဝချင်တယ်၊ ဘေးရန်အန္တရာယ်တွေ ကင်းချင်တယ်၊ ဒီရည်ရွယ်ချက်တွေနဲ့ လုပ်နေကြတာလေ။ တကယ်တော့ ရသလားဆိုတော့ မရဘူး မရနိုင်ဘူး၊ အကြောင်းအကျိုး ညီညွတ်လို့ မိမိရဲ့ ကုသိုလ်ကံအားလျော်စွာ ဖြစ်နေတာကို တစ်ခါတစ်ရံကျတော့ နတ်ကမ,တယ်လို့ လူတွေက အထင်ရှိကြတယ်၊ ဒါမျိုးက ဖြစ်တတ်တယ်၊ သူ့အကြောင်းနဲ့သူ့ဟာသူ ဖြစ်လာတာကို တစ်စုံတစ်ယောက်က ကိုယ့်ကိုမ,တယ်လို့ ဒီလိုထင်လာတယ်။ တစ်ကယ်တော့ နတ် ဆိုတာလည်း သတ္တဝါတစ်ဦးမျှသာ ဖြစ်တယ်။

သူ့ကံအရ သူဖြစ်လာတာ၊ သူကိုယ်တိုင်က အကုန်လုံး ဘယ်မ,နိုင်မလဲ၊ လူတောင်မှ လူလူချင်း အကုန်လုံး မ,မနိုင်တာ၊ မ,နိုင်တဲ့အတိုင်းအတာမရှိဘူးလားဆိုတော့ ရှိပါတယ်၊ ကိုယ့်မိတ်ဆွေသင်္ဂဟတွေက ကိုယ့်ကို မ,မ ဘူးလားဆိုတော့ ငွေကြေးနေလိုတဲ့အခါ ချေးငှားတယ်၊ ဒါ မ,တာပဲ၊ ဒီလိုတော့ လုပ်လို့ရတာပေါ့၊ အစစအရာရာ ကြီးပွားတိုးတက်အောင် လုပ်ပေးတယ်ဆိုတာ မဖြစ်နိုင်ဘူး။

နောက်ဆုံးမှာ လုံးဝမဖြစ်နိုင်တာကျတော့ ဒီဘဝက နေပြီးတော့ ကောင်းရာသုဂတိဘုံရောက်အောင် ဆိုတာ ကတော့ လုံးဝမဖြစ်နိုင်ဘူး၊ အသိဉာဏ်တစ်ခုခု ရဲအောင် ဆိုတာလည်း လုံးဝမဖြစ်နိုင်ဘူး။ ကိုယ်ကိုယ်တိုင် ကြိုးစားမှ၊ ကိုယ်ကိုယ်တိုင် သင်ယူမှသာ အသိဉာဏ် ဆိုတာဖြစ်လာတယ်။ ကုသိုလ်ရအောင်လည်း မိမိ ကိုယ်တိုင်ကြိုးစားမှ ကုသိုလ်ဆိုတာ ဖြစ်ပေါ်လာတယ်။ ဒါကြောင့်မို့ ဘုရား ကိုးကွယ်တယ်ဆိုတဲ့ နေရာမှာ ရည်ရွယ်ချက်တစ်ခု၊ အတိုင်းအတာတစ်ခု အတိုင်း

ကိုးကွယ်ကြရမှာဖြစ်တယ်၊ အဲဒီအတိုင်းအတာ တစ်ခုက ဘာတုန်းဆိုရင် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ် ပါတယ်ဆိုတာ ဘာရည်ရွယ်ချက်နဲ့ ကိုးကွယ်ဆည်းကပ် တာလဲလို့ဆို မြတ်စွာဘုရားသည် မကောင်းတဲ့အရာက ငါ့ကို တားမြစ်ပြီး ကောင်းတဲ့အရာတွေကို လမ်းညွှန်ပြ လိမ့်မယ်၊ အဲဒီ မြတ်စွာဘုရားထံကအဆုံးအမရလို့ရှိရင် ငါကိုယ်တိုင် ကောင်းတာတွေလုပ်ခြင်းဖြင့် ကောင်းကျိုး ချမ်းသာတွေရမယ်လို့ ဘုရားဆီက လမ်းညွှန်မှု အဆုံး အမ ရရှိဖို့အတွက် ဘုရားကို ကိုးကွယ်ရတာ။ အဲဒီ ထက်ပိုတဲ့ ကိုးကွယ်မှုတွေက မှန်ကန်တဲ့ကိုးကွယ်မှုလို့ မဆိုနိုင်ဘူး။ မြတ်စွာဘုရားရှင်ဆီက ရချင်တာ ဘာလဲဆို အဆုံးအမပဲဖြစ်တယ်၊ တန်ခိုးတော်နဲ့ မ,စမှာကို ရချင် တယ် ဆိုရင်တော့ ဘယ်သောအခါမှ ရလာမှာ မဟုတ် ဘူး။

သို့သော် ဘာသာတရား ကိုးကွယ်ယုံကြည်နေကြ တဲ့ ပုဂ္ဂိုလ်တွေတော်တော်များများဟာ ဘုရားသခင်ရဲ့ တန်ခိုးတော်ကို စောင့်မျှော်နေကြတဲ့ ပုဂ္ဂိုလ်တွေ ကမ္ဘာ

လောကမှာအများဆုံးပဲ။ အဲဒီလိုစောင့်မျှော်ရင်း စောင့်မျှော်ရင်းနဲ့ပဲ ဆင်းရဲတွင်း နစ်သွားကြတာအများကြီးပဲ။ ဘယ်သောအခါမှလည်း လာကယ်တင်မှာမဟုတ်ဘူး။ ကယ်တင်မှုဆိုတာ မိမိသန္တာန်မှာ ဖြစ်လာတဲ့ ကုသိုလ်တရားသာလျှင် ကိုယ့်ကို ကယ်တင်နိုင်တဲ့ တရားဖြစ်တယ်။ အဲဒီသဘောတွေကို ဆင်ခြင်စဉ်းစားကြည့်ပြီးတော့ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အနေနဲ့ မှန်ကန်တဲ့ ရည်ရွယ်ချက်နဲ့ မှန်ကန်တဲ့ ကိုးကွယ်မှုရှိဖို့ အင်မတန်မှ အရေးကြီးပါတယ်။

ကိုးကွယ်တယ်ဆိုတာ မိမိသန္တာန်မှာ ကျရောက်လာနိုင်တဲ့ ဘေးရန်အန္တရာယ်တွေကို ဖယ်ရှားပြီးတော့ ဖြစ်ပေါ်လာနိုင်တဲ့ ကောင်းကျိုးချမ်းသာတွေအတွက် လမ်းညွှန်မှုပြုတာ၊ အဲဒီလို ပြုနိုင်သည့်အတွက်ကြောင့် ထိုပုဂ္ဂိုလ်ကို အားကိုးတယ်၊ ယုံကြည်တယ် ဆိုတဲ့ အဓိပ္ပာယ်။ "**သုံးပါးရတနာ ကိုးကွယ်ရာ**" ဆိုတဲ့ အဓိပ္ပာယ်ထဲမယ် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းဖြင့် မိမိတို့တစ်တွေ ဘာတွေရသလဲလို့ဆိုရင်

"လုပ်သင့်တာနဲ့ မလုပ်သင့်တာ" ကွဲကွဲပြားပြား နားလည်ရခြင်းဆိုတဲ့ အကျိုးဟာ ကြီးမားတဲ့ အကျိုးတစ်ခုဖြစ်တယ်။ ကိုယ်ကိုယ်တိုင်အနေနဲ့ လုပ်သင့်တာလည်း မသိဘူး၊ မလုပ်သင့်တာလည်း မသိဘူး၊ မသိသည့်အတွက်ကြောင့် မလုပ်သင့်တာတွေလုပ်မိတတ်တယ်၊ လုပ်သင့်တာတွေကျတော့ မလုပ်ဘဲ နေမိတတ်တယ်။ အဲဒီလိုဖြစ်လို့ရှိရင် ကောင်းကျိုးချမ်းသာတွေ ဆုံးရှုံးနစ်နာသွားနိုင်တယ်။ အဲဒီလို ဆုံးရှုံးနစ်နာသွားမှု မရှိရလေအောင် မြတ်စွာဘုရားရဲ့ အဆုံးအမအတိုင်း လိုက်နာကျင့်သုံးကြတာ၊ အဲဒီ အဆုံးအမရဖို့အတွက် ကိုးကွယ်ရတာ၊ ဒီလိုဆိုလိုတာ။ အဲဒီထက် ပိုသွားတဲ့ ကိုးကွယ် ဆည်းကပ်မှုဟာ မှန်ကန်တဲ့ ကိုးကွယ် ဆည်းကပ်မှု မဖြစ်ဘူး။

ဆိုပါစို့ အခုခေတ်မှာဆိုလို့ရှိရင် မြတ်စွာဘုရား ရုပ်ထုဆင်းတုတော် အိမ်မှာကိုးကွယ်ထားတယ်။ ဘာရည်ရွယ်ချက်နဲ့ ကိုးကွယ်တာတုန်းဆို ခုနကပြောခဲ့တဲ့ အဆုံးအမရလို့ ကျေးဇူးတင်တဲ့အနေနဲ့ ကိုးကွယ်တာ။

မြတ်စွာဘုရား သက်တော်ထင်ရှားမရှိတော့ ကိုယ်စားရုပ်ပွားဆင်းတုတော်ကိုကိုးကွယ်တယ်။ မြတ်စွာဘုရားရဲ့ အဆုံးအမတွေကို ရရှိလို့ ကျေးဇူးတင်တဲ့အနေနဲ့ ဘုရားဂုဏ်ကို အာရုံပြုဖို့ ကိုးကွယ်တာပဲ ဖြစ်ရမယ်။ အဲဒီလို မဟုတ်ဘဲနဲ့ ဒီရုပ်ပွားဆင်းတုတော်ကို ကိုးကွယ်ထားခြင်းဖြင့် တို့အိမ်မှာ စီးပွားဥစ္စာတွေ တိုးတက်တယ် ဒီလို ယုံကြည်ပြီး ကိုးကွယ်လို့ရှိရင် မှားယွင်းမှာပဲ။ ဒီဘုရားကိုးကွယ်ထားရင် မီးကွင်းတယ်၊ မီးမလောင်ဘူးဆိုပြီး ကိုးကွယ်တာလည်းရှိတယ်။ ဒါတွေက မှန်ကန်တဲ့ ရည်ရွယ်ချက်တွေ မဟုတ်ဘူး၊ သရဏဂုံယူတဲ့အခါမှာ **ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ** 'ဘုရားကို ကိုးကွယ်ပါ၏' လို့ ဆိုရတယ်။ ဒီလို သရဏဂုံယူတဲ့အခါမှာ ရည်ရွယ်ချက်က ဘုရား၏ အဆုံးအမကို ခံယူချင်တာသာဖြစ်တယ်၊ ဘုရားကို မကိုးကွယ်လို့ရှိရင် ဘေးရန်အန္တရာယ်ဖြစ်မှာကြောက်တယ် (သို့မဟုတ်) ပတ်ဝန်းကျင်က ကဲ့ရဲ့မှာကြောက်တယ်။ အဲဒီလိုကြောက်လို့ ကိုးကွယ်တာမျိုးကျတော့ သရဏဂုံ မမြောက်ဘူး။

ဘုရားကို ကိုးကွယ်မှ စီးပွားဥစ္စာတိုးတက်မယ်လို့ ယူဆပြီး စီးပွားဥစ္စာတိုးတက်ချင်လို့ ကိုးကွယ်လို့ရှိရင်လည်း သရဏဂုံမမြောက်ဘူး။ တို့ဆွေတွေမျိုးတွေ မိသားစုတွေက ကိုးကွယ်တဲ့ဘုရား လို့ဆိုပြီးတော့ မိသားစုသံယောဇဉ်နဲ့ ကိုးကွယ်လို့ရှိရင်လည်း သရဏဂုံမမြောက်ဘူး။ ဒါတွေမပါစေရဘူး။ မြတ်စွာဘုရားဟာ လောကမှာ တကယ်မြင့်မြတ်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်၊ ပါရမီ ဆယ်ပါး၊ အပြားသုံးဆယ်၊ စရိယသုံးပါး၊ စွန့်ခြင်းကြီးငါးပါး ဖြည့်ကျင့်ပြီးတော့ သတ္တဝါတွေအကျိုး အလို့ငှာ ပါရမီတွေ ဖြည့်ကျင့်ပြီးလို့ ဘုရားအဖြစ်ကို ရောက်လာပြီးတော့ အမှန်တရားကို ဟောကြားတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်တယ်၊ ဒီပုဂ္ဂိုလ်ရဲ့ အရည်အချင်းတွေ အင်မတန်မှ မြင့်မြတ်တယ်၊ ထိုအရည်အချင်းတွေကို ပူဇော်တဲ့အနေနဲ့ ကိုးကွယ်တယ်ဆိုမှ ကိုးကွယ်မှု မြောက်တယ်။

အဲဒီလိုကိုးကွယ်မှ ကိုယ်နေ့စဉ်ဆိုနေတဲ့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဆိုတာ ပိုပြီးတော့ အဓိပ္ပာယ်ရှိတယ်၊

အဲဒါကမှ တကယ့် သရဏဂုံတည်တဲ့ မဟာကုသိုလ် စိတ်လို့ ခေါ်တယ်။ အဲဒီမဟာကုသိုလ်စိတ်နဲ့ မြတ်စွာ ဘုရား ကိုယ်တော်မြတ်ကို ကိုးကွယ်ဆည်းကပ်လို့ ရရှိလာတဲ့ ကုသိုလ်စေတနာတွေကမှ လူချမ်းသာကို လည်း ပေးနိုင်တယ်၊ နတ်ချမ်းသာကိုလည်း ပေးနိုင် တယ်။

လောကမှာ မြတ်စွာဘုရားပွင့်ပေါ်ပြီးတဲ့နောက်နဲ့ မပွင့်ပေါ်ခင်က လူတွေရဲ့ အခြေအနေ အင်မတန် မကွာခြားတယ်။ ဒီလိုကွာခြားတာကို လူသားတွေက မသိကြဘူး။ နတ်ပြည်က နတ်တွေက ပိုပြီးတော့ သိကြ တယ်။ ဘယ်လိုကွဲပြားခြားနားတာလဲလို့ဆိုရင် မြတ်စွာ ဘုရား မပွင့်ခင်ကလည်း မိမိတို့ရဲ့ ဝါသနာအလျှောက် ဖြစ်စေ၊ သူတော်ကောင်းတွေရဲ့ လမ်းညွှန်မှုအရဖြစ်စေ ဒါနကောင်းမှုတွေ လုပ်ကြတယ်၊ သီလတွေ ဆောက် တည်ကြတယ်။ ဒါန၊ သီလ၊ ကုသိုလ်ကောင်းမှုတွေကို လုပ်ပြီးတော့ နတ်ပြည်ရောက်သွားကြတယ်။ ဒါန ဆိုတာက ဗုဒ္ဓဘာသာမှလုပ်တာမဟုတ်ဘူး၊ ဗုဒ္ဓဘာသာ

မဟုတ်တဲ့ ပုဂ္ဂိုလ်တွေလည်းလုပ်တယ်။ သီလဆိုတာလည်း အတိုင်းအတာတစ်ခုနဲ့ သူတို့လည်း သီလ ရှိကြတယ်။ အဲဒီ ဒါန သီလဆိုတာ တကယ့်ကို ကောင်းကျိုးချမ်းသာကိုပေးနိုင်တဲ့ ကုသိုလ်ကောင်းမှု ဖြစ်လာလို့ရှိရင် ဗုဒ္ဓဘာသာဝင် ဟုတ်သည်ဖြစ်စေ၊ ဗုဒ္ဓဘာသာဝင် မဟုတ်သည်ဖြစ်စေ ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုက နတ်ပြည်ကိုရောက်စေတယ်၊ လူ့ဘုံဘဝကို ရောက်စေတယ်။ သီလဆိုတဲ့ ကုသိုလ်ကောင်းမှုက ဘယ်သူပဲ စောင့်စောင့် သီလသည် လူမျိုးမရွေး ဘာသာမရွေး ကောင်းကျိုးချမ်းသာကို ပေးနိုင်တဲ့ စွမ်းရည်သတ္တိ ရှိတယ်။

အဲဒီတော့ ဒါန သီလ ကုသိုလ်ကောင်းမှုတွေ လုပ်ပြီး နတ်ပြည်ရောက်သွားတဲ့ပုဂ္ဂိုလ်၊ ဘုရားမပွင့်မီ နတ်ပြည်ရောက်သွားတဲ့ပုဂ္ဂိုလ်၊ မြတ်စွာဘုရား ပွင့်ပြီးတဲ့နောက် ဘုရားရဲ့ အဆုံးအမရလို့ ဒါနကောင်းမှုပြု သီလစောင့်တည်ပြီး နတ်ပြည်ရောက်သွားတဲ့ပုဂ္ဂိုလ် အင်မတန်မှ ကွာခြားတယ်။

အဲဒီပုဂ္ဂိုလ်တွေမှာ သက်တမ်းကလည်း ပိုရှည်တယ်၊ အဆင်းကလည်း ပိုလှတယ်၊ ချမ်းသာသုခကလည်း ပိုပြီးကြီးမားလာတယ်။ အစိုးရမှုတွေကလည်း ပိုပြီးစွမ်းဆောင်လာနိုင်တယ်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့လို့ဆိုတဲ့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ ရရှိခံစားတာတွေကလည်း ပိုပြီးတော့ အဆင့်မြင့်တယ်၊ ဒီလိုဆိုလိုတယ်။ ဘုရားဆီမှာ သရဏဂုံတည်ပြီးတော့မှ ဒါနကောင်းမှု သီလကောင်းမှု လုပ်ပြီးတော့ နတ်ပြည်ရောက်သွားတဲ့ ပုဂ္ဂိုလ်တွေဟာ တန်ခိုးအရှိန်အဝါ ပိုပြီးတော့ ကြီးမားတယ်လို့ ဒီလိုပြောတာ။

အဲဒီတော့ မြတ်စွာဘုရားရဲ့ လမ်းညွှန်မှု အဆုံးအမဟာ လူတွေရဲ့သန္တာန်မှာဖြစ်တဲ့ ကုသိုလ်စွမ်းအားတွေ ပိုပြီးတော့ မြင့်မားစေတယ်၊ ဒီလိုဆိုရမှာပဲ။ အမှန်အကန်ကို ပိုသိလာတဲ့အခါကျတော့ လူ့ဘဝက လုပ်လာတဲ့ ကုသိုလ်ကောင်းမှုတွေရဲ့ စွမ်းအားကြောင့် နတ်ပြည်ရောက်သွားတော့ နတ်တွေရဲ့ချမ်းသာသုခက

အလွန်ပဲ အဆင့်မြင့်တယ်တဲ့။ သာသနာပအခါမှာလှူတဲ့ ဒါန၊ သာသနာအတွင်းမှာလှူတဲ့ ဒါန၊ ဒီ ဒါနနှစ်ခုဟာ အင်မတန်မှ ကွာခြားတယ်ဆိုတာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် (၇)ဝါမြောက်တုန်းက တာဝတိံသာ နတ်ပြည်တက်ပြီး အဘိဓမ္မာတရား ဟောတဲ့အခါမှာ မြတ်စွာဘုရားက သာဓကထုတ်ပြပြီး နတ်သား နှစ်ယောက်ရဲ့ အခြေအနေကွာခြားမှုကို နှိုင်းယှဉ်ပြီး တော့ ဟောကြားထားတာရှိတယ်။

သာသနာပအခါမှာ ထမင်းရည်ချောင်းစီးလောက် အောင် နှစ်ပေါင်းများစွာ အလှူကြီး အတန်းကြီးပေးတဲ့ အင်္ကုရ ဆိုတဲ့ နတ်သား၊ သာသနာတွင်းကာလမှာ အရှင် အနုရုဒ္ဓါ မထေရ်မြတ် ဆွမ်းခံကြွလာလို့ ဆွမ်းလေး တစ်ဇွန်း လောင်းဖူးတယ်လို့ဆိုတဲ့ ဣန္ဒကနတ်သားရဲ့ ကုသိုလ်ကောင်းမှု၊ သူတို့နှစ်ခုက တစ်ဦးက ရဟန္တာ အရှင်မြတ်ကို ဆွမ်းတစ်ဇွန်းပဲ လောင်းလိုက်တယ်၊ ဟို တစ်ဦးက နှစ်ပေါင်းများစွာ လူပေါင်းများစွာ ထမင်းရည် ချောင်းစီးအောင်လှူခဲ့တယ်။ အဲဒီကုသိုလ်နှစ်ခု အကျိုး

ပေးခြင်း ယှဉ်လိုက်တဲ့အခါကျတော့ ဘယ်သူက သာနေသလဲ။ ကုန်ကျမှု ကြည့်မယ်ဆိုရင် အင်္ကုရ နတ်သား လှူခဲ့တဲ့ အတိုင်းအတာဆိုတာ အင်မတန်မှ ကြီးမားတယ်။ ဣန္ဒက လှူခဲ့တာ ဆွမ်းလေး တစ်ဇွန်းတည်း။ သို့သော် ဆွမ်းလေးတစ်ဇွန်းသည် နှစ်ပေါင်းများစွာ ထမင်းရည်ချောင်းစီးအောင် လှူခဲ့တဲ့ အင်္ကုရ နတ်သားရဲ့ ကုသိုလ်ကောင်းမှုတွေ၊ စွမ်းရည်သတ္တိတွေကို ကျော်ဖြတ်ပြီးတော့ သူ့စွမ်းရည်သတ္တိက ပိုကြီးသွားတယ်။

ဘာဖြစ်လို့ ပိုကြီးသွားသလဲဆို မြတ်စွာဘုရားသာသနာနဲ့ ကြုံလို့ပဲဖြစ်တယ်။ မြတ်စွာဘုရား အဘိဓမ္မာတရား ဟောမယ့်နားမှာ ဣန္ဒက နတ်သားက မြတ်စွာဘုရားရဲ့ လက်ယာဘက် မလှမ်းမကမ်းမှာ ထိုင်တယ်၊ အင်္ကုရ နတ်သားက ဘုရားရဲ့ လက်ဝဲဘက် မလှမ်းမကမ်းမှာ ထိုင်တယ်၊ အဲဒီလို ထိုင်ရတဲ့အချိန်မှာ စကြာဝဠာပေါင်း မြောက်များစွာက တန်ခိုးကြီးတဲ့ နတ်တွေ ဗြဟ္မာတွေ လာလိုက်တဲ့အခါမှာ ဣန္ဒက နတ်သားရဲ့ အရှိန်အဝါကကြီးတော့ ဘယ်သူလာလာ ဆုတ်ပေး

စရာမလိုဘူး၊ အကုံရနတ်သားက လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုက အရှိန်အဝါ နည်းတဲ့အခါကျတော့ ရှေ့က မနေဝံ့လို့ ဆုတ်ဆုတ်ပေးလိုက်တာ မြတ်စွာဘုရားနဲ့ (၁၂)ယူဇနာ အထိလောက်အောင် ဝေးသွားတယ်။ တစ်ယူဇနာကို (၈)မိုင်နှုန်းနဲ့တွက်ကြည့် ဘုရားနဲ့ ဘယ်လောက် ဝေးသွားလဲ။ ပထမဆုံး နေရာယူခဲ့ပေမယ့်လို့ သူဟာ ဘုရားနဲ့ အင်မတန်ဝေးတဲ့ နေရာထိအောင် ဆုတ်ပေးလိုက်ရတယ်။

ဘာဖြစ်လို့ ဆုတ်ပေးရတာတုန်း၊ ဘုန်းကံခြင်း မတူလို့။ ကိုယ့်ထက် ဘုန်းကံကြီးမားတဲ့ ပုဂ္ဂိုလ်တွေ လာတဲ့အခါ ရှေ့မှာမနေရဲဘူး၊ ဆုတ်သွားရတယ်။ အဲဒါဘာဖြစ်လို့ ဒီလိုကွာရသလဲဆိုရင် မြတ်စွာဘုရားရဲ့ သာသနာ ရှိတာနဲ့ မရှိတာ ကွာသွားရတယ်။ ဒါလည်း သတိထားစရာ အင်မတန်မှ ကောင်းတယ်။ ဒါကြောင့်မို့ သိကြားမင်းကြီးက တစ်ခါပြောတယ်၊ မြတ်စွာဘုရားကို အားရပါးရချောက်တယ်။ "အရှင်ဘုရားတဲ့ အရှင်ဘုရား မပွင့်ခင်က တပည့်တော်တို့ တာဝတိံသာ

နတ်ပြည် ရောက်နေတဲ့ နတ်တွေထက် အရှင်ဘုရား ပွင့်ပြီးမှ ရောက်လာတဲ့ နတ်သစ်တွေက အင်မတန်မှ တန်ခိုးအာဏာကြီးပါတယ်၊ အရှိန်အဝါ တပည့်တော် တို့ထက် ကြီးလှပါတယ်" ဒီလိုလျှောက်ခဲ့ဖူးတယ်။ အဲဒီတော့ မြတ်စွာဘုရားရဲ့ဂုဏ်ကျေးဇူးဟာ အင်မတန် မှ ကြီးမားတယ်။

ဒါကြောင့်မို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ အနေနဲ့ ဘုရားကို ကိုးကွယ်တယ်ဆိုတာ သာမန်အနေ အထား မဖြစ်စေချင်ဘူး။ မှန်ကန်တဲ့ ရည်ရွယ်ချက်နဲ့ အလေးအနက်ထားပြီး ကိုးကွယ်ဆည်းကပ်တတ် အောင် စိတ်နေသဘောထားတွေ ပြင်ပေးကြရမှာ ဖြစ်တယ်။ လာဘ်လာဘ ရချင်အောင်လို့ ကိုးကွယ်တာ မျိုး မလုပ်ဘဲနဲ့ တကယ့်ကို ကိုးကွယ်ထိုက်တဲ့ အရည် အချင်းတွေ အရဟံ စတဲ့ ဂုဏ်တော်တွေနဲ့ ပြည့်စုံပြီး လောကအတွင်းမှာ ဦးညွှတ်ပူဇော်ထိုက်တဲ့ဘုရားဖြစ်လို့ ကိုးကွယ်ကြတယ်၊ ဒီမြတ်စွာဘုရားရဲ့ အဆုံးအမကို တို့တစ်တွေရအောင် ကြိုးစားအားထုတ်ကြရမှာ ဖြစ်

တယ်လို့ မြတ်စွာဘုရားရဲ့ ဂုဏ်တွေကို ရည်စူးကြည်နူးပြီး **ဗုဒ္ဓ သရဏံ ဂစ္ဆာမိ** ဆိုတာကို အလေးအနက် ဆိုရမယ်။ ငါ့ရဲ့ဘဝကို ဗုဒ္ဓကို အပ်နှံတယ်၊ မြတ်စွာဘုရားရဲ့ အဆုံးအမအတိုင်း ငါလိုက်နာမယ်၊ ဘုရားက ဒါမလုပ်နဲ့ ဆိုရင် ငါမလုပ်ဘူး၊ ဒါလုပ်ဆိုရင်လုပ်မယ်။ မိဘစကား လိုက်နာတဲ့ သားသမီးဟာ မိဘပြောတဲ့အတိုင်း တသွေမတိမ်း လိုက်နာသလိုပဲ ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်ဟာလည်းပဲ မြတ်စွာဘုရား စကားကို တသွေမတိမ်း လိုက်နာဖို့လိုအပ်တယ်။

အဲဒီလိုလိုက်နာကျင့်သုံးကြမယ်ဆိုလို့ရှိရင် ဘုရားကိုးကွယ်တယ်ဆိုတဲ့ အရာဟာ အင်မတန်မှ အဓိပ္ပာယ်ရှိလာတယ်။ အဲဒီလိုဖြစ်အောင် ကိုယ့်စိတ်ကို ပြုပြင်ရတယ်၊ အသိဉာဏ်တွေကိုတိုးမြှင့်ပေးရတယ်။ ဒါဘုရားကိုးကွယ်တာ ဒီအကျိုးလောက်တင်ရှိတာလားဆိုတော့ မကဘူး၊ မြတ်စွာဘုရားကို ကိုးကွယ်ခြင်းဖြင့် ရနိုင်တဲ့ အကျိုးကျေးဇူးတွေ မြောက်မြားစွာရှိတယ်။ ဘုရားကို ကိုးကွယ်လို့ရှိရင် မြတ်စွာဘုရား အဆုံးအမတွေကို

လိုက်နာမယ်၊ မြတ်စွာဘုရား လမ်းညွှန်တဲ့တိုင်း လိုက်နာကျင့်ကြံကြိုးကုတ် အားထုတ်သည့် အတွက်ကြောင့် သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ပြီး နိဗ္ဗာန်ချမ်းသာထိအောင် မျက်မှောက်ပြုနိုင်တယ်လို့ ဒီလိုဆိုလိုတာ။

ဒါကြောင့်မို့ သာမန် လာဘ်လာဘ ရရုံလေးကို ရည်ရွယ်ပြီးတော့ ဘုရားကို မကိုးကွယ်နဲ့၊ တကယ့်ကို လေးလေးနက်နက် အနှစ်သာရရှိရှိ စိတ်ထဲမှာ နှလုံးသွင်းပြီးတော့ ကိုးကွယ်ကြရမယ်၊ အလေးအနက်ထားရမယ်။ ရုပ်ပွားဆင်းတုတော် ကိုးကွယ်လို့ရှိရင် ရုပ်ပွား ဆင်းတုတော်တင် လမ်းဆုံးမနေဘဲ ဒီရုပ်ပွားဆင်းတုတော်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၆၀၀ ကျော်က ပွင့်တော်မူခဲ့တဲ့ မြတ်စွာဘုရားရဲ့ကိုယ်စား ဆင်းတုတော် ရုပ်ပွားတော် ဖြစ်တယ်၊ ဒီရုပ်ပွားဆင်းတုတော်ရဲ့ တကယ့်ပိုင်ရှင် အစစ်ဟာ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ပေါ်ထွန်းတဲ့ အရဟံ အစရှိသော ဂုဏ်တော်တွေနဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရားဖြစ်တယ်။ ထိုမြတ်စွာဘုရားရဲ့ လေးနက်တဲ့ ဂုဏ်ရည်တွေကို အာရုံပြုပြီးတော့ ရိုသေ

မြတ်နိုး လက်စုံမိုးပြီးတော့ ရှိခိုးပါ၏။ ဂုဏ်တော်တွေကို ပူဇော်ပါတယ်။ ရေချမ်းဆက်ကပ်တဲ့အခါမှာ ဂုဏ်တော်တွေကို လှမ်းမြော်ပူဇော်ပါတယ်၊ ဆွမ်းကွမ်းလှူဒါန်းတဲ့ အခါမှာလည်း ဂုဏ်တော်တွေကို မှန်းမြော်ပြီး ပူဇော်ပါတယ်လို့ ဒီလို အတွင်းအနှစ်သာရရှိရှိနဲ့ ကိုးကွယ်မှုပိုပြီးတော့ ကိုးကွယ်မှုထိရောက်တယ်။

အဲဒီလို မဟုတ်လို့ရှိရင် ဘာဖြစ်မတုန်းဆို နတ်ကိုးကွယ်တဲ့ အဆင့်မျိုး ရောက်သွားတယ်။ အဲဒီတော့ နတ်ကိုးကွယ်တဲ့အဆင့်ဆိုတာမျိုးက ဝတ်ကျေတန်းကျေ ကိုးကွယ်တာလေ၊ နတ်က ကိုယ့်ကို မ,လိမ့်မယ်ထင်ပြီးတော့ ကိုးကွယ်တာ။ ဘယ်တော့မှလည်း မ,မှာ မဟုတ်ဘူး၊ သူ့ဟာသူ အဆင်ပြေရင်ရမှာပဲ။ တစ်လောကပဲ internet မှာ မေးခွန်းမေးထားတာရှိတယ်၊ ဒကာတစ်ယောက်က ဘာမေးတုန်းဆိုတော့ အနတ္တဆိုတာကို သူသဘောမကျဘူးတဲ့၊ အနတ္တဆိုတာ ကိုယ့်အလိုအတိုင်း မဖြစ်ဘူးလို့ ဆိုထားတယ်။ အခု သူသွားချင်တဲ့နေရာ သွားလို့ရတယ်၊ စားချင်ရင် စားလို့ရတယ်

ဆိုတော့ ဒါ အနတ္တဆိုတာ သူ့သံသယရှိတယ်။ ဒီလို တွေးတဲ့လူက ရှိသေးတယ်။

တစ်ကယ်က အနတ္တဆိုတဲ့ သဘောဟာ ဘာကို ပြောတာလည်းဆို လုပ်လို့မရတဲ့ဟာတွေ အများကြီး ရှိတယ်။ ဆိုပါစို့ တဖြည်းဖြည်း အိုလာတာကို မအိုအောင် လုပ်လို့ရလား မရဘူး။ နာတာကို မနာအောင်လုပ်လို့ မရဘူး၊ သေတာကို မသေအောင် လုပ်လို့မရဘူး။ လူ ဆိုတာ မွေးဖွားလာပြီးတဲ့နောက်မှာ တဖြည်းဖြည်း အိုမင်းရတယ်၊ အဲဒါကျတော့ ကိုယ့်အလိုလိုက်တာ မဟုတ်ဘူး၊ ဒါဖြင့် ကိုယ်သွားချင်တဲ့နေရာသွားလို့ရတယ်၊ စားချင်တာစားလို့ရတယ်ဆိုတာ ဘာကြောင့်ဖြစ်ရ တာလဲဆိုတော့ အကြောင်းတရားနဲ့ အကျိုးတရား ရုပ်ခန္ဓာကြီးမှာ ညီညွတ်ပြီးတော့နေတဲ့အခါ ကိုယ့်ခန္ဓာ ကိုယ့်အလိုအတိုင်း ဖြစ်နေတယ်လို့ ထင်ကြရတာ။ တကယ်ကတော့ သူ့အကြောင်းအကျိုး ညီညွတ်လို့ ဖြစ်ရတာ။ အကြောင်းအကျိုး မညီညွတ်လို့ ဆိုပါစို့ လူတစ်ယောက်ဟာ လေဖြတ်သွားပြီဆိုတဲ့အခါကျတော့

လုပ်လို့ရသေးလား၊ မရတော့ဘူး၊ အဲဒါကိုသာ စဉ်းစားကြည့်။ လေဖြတ်သွားပြီ ဆိုကတည်းက ကိုယ့်ဆန္ဒအတိုင်း ဘာမှလုပ်လို့မရတော့ဘူး။

အဲဒီတော့ နဂိုကရနေတာ ဘာဖြစ်လို့ ရနေတာလဲဆိုတော့ သူ့ဘာသူရနေတာ၊ သူ့ဟာသူရနေတာကို ကိုယ့်အစွမ်းကြောင့် ရနေတာလို့ လူတွေက ထင်နေကြတာ။ တကယ်တော့ အကြောင်းအကျိုး ညီညွတ်နေတဲ့အခါ သူ့ဟာသူဖြစ်တဲ့သဘော၊ ကိုယ့်ဆန္ဒရှိတဲ့အတိုင်း ဖြစ်ဖြစ်လာတော့ လူတွေက အထင်ရောက်ကြတာပေါ့။ ကိုယ်လုပ်ချင်တာလုပ်လို့ရတယ်လို့ စိတ်ထဲမှာ ဒီလိုစွဲတန်းလာကြတယ်။ ဒါကြောင့်မို့ အနတ္တဆိုတာကို လူတွေမမြင်နိုင်ကြဘူး။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က အနတ္တလက္ခဏသုတ်မှာ ရှင်းရှင်းလေး ဟောထားတာရှိတယ် **"ဧဝံ မေ ရူပံ ဟောတု ဧဝံ မေ ရူပံ မာအဟောသိ"** ငါ့ရုပ်လေး ဒီလိုဖြစ်ပါစေ ဒီလိုဖြစ်မပါစေနဲ့ ကိုယ်လုပ်ချင်တာလုပ်လို့ ရရဲ့လား မရဘူး။ အဲဒါကြောင့်မို့

မရတဲ့ဟာတွေက အင်မတန်များလို့ ကိုယ့်ရဲ့ဆန္ဒအတိုင်း မဖြစ်နိုင်လို့ အနတ္တလို့ပြောတာကို သာမန်အားဖြင့် အပေါ်ယံလေး တွေးလိုက်လို့ရှိရင် ကိုယ်လုပ်ချင်တာ လုပ်လို့ရတယ်လို့ လူတွေက ထင်နေကြတယ်။ တကယ် တော့လည်း အကြောင်းအကျိုးညီညွတ်လို့ ဖြစ်နေ တာပါလို့ ဒီလိုမှတ်ရမယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က မှန်ကန်တဲ့ တရားဓမ္မတွေကို ဟောပြောပြသထားလို့ ဘုရား သခင်ရဲ့ အဆုံးအမကို တို့တတွေ ရရှိထားကြတယ်။ ရရှိထားတဲ့အတိုင်း လိုက်နာကျင့်သုံးကြတယ်။ မြတ်စွာ ဘုရားက ဘာကိုလမ်းညွှန်တုန်းဆို "**ဟိတေ ပဝတ္တနေန အဟိတာ စ နိဝတ္တနေန**" ဆိုတဲ့အတိုင်း အကျိုးစီးပွားကို ဖြစ်ထွန်းစေတတ်တဲ့ ကုသိုလ်တရားတွေ မိမိတို့ သန္တာန် မှာ ဖြစ်အောင်လုပ်ဖို့၊ အကျိုးမဲ့ကို ဖြစ်စေတတ်တဲ့ အကုသိုလ်တရားတွေကို ရှောင်ဖို့ ဆိုတဲ့ ဆောင်ဖို့နဲ့ ရှောင်ဖို့ ဒီနှစ်ခုကို မြတ်စွာဘုရားကဟောတယ်။ အဲဒီ အဆုံးအမအတိုင်း ရှောင်သင့်တာကို ကိုယ်ကိုယ်တိုင်

ရှောင်၊ ဆောင်သင့်တာကို ကိုယ်ကိုယ်တိုင်က ဆောင်မှသာလျှင် ကောင်းကျိုးချမ်းသာတွေဆိုတာရမှာ ဖြစ်ပါတယ်။ အဲဒါ မြတ်စွာဘုရား ကိုးကွယ်ရခြင်းရဲ့ အကျိုးကျေးဇူးဆိုတာ အမှန်သိရတာ မြတ်စွာဘုရား ကိုးကွယ်ရခြင်းရဲ့ အကျိုးကျေးဇူးပဲ။

အကယ်၍ ဘုရားသာမပွင့်ဘူးဆိုလို့ရှိရင် ဘုန်းကြီးတို့တတွေ "ဒါက ကုသိုလ်လား၊ ဒါက အကုသိုလ်လား" ဆိုတာ သိနိုင်စွမ်း မရှိပါဘူး။ မသိရင် ကုသိုလ်ကို အကုသိုလ်ထင်မယ်၊ အကုသိုလ်ကို ကုသိုလ်ထင်မယ်၊ ဒီလိုရော မလုပ်ကြဘူးလားဆိုရင် လုပ်တယ်။ ဘုရားသခင်ကို မျက်နှာသာရဖို့ဆိုပြီး သတ္တဝါတွေကိုသတ်ပြီးတော့ သွေးနဲ့ဘုရားကို ပူဇော်တယ်ဆိုတာ အကုသိုလ်ကို ကုသိုလ်ထင်ပြီး လုပ်နေကြတယ် မဟုတ်လား။ အဲဒီလုပ်နေတဲ့ အကုသိုလ်တွေဟာ ဘယ်တော့မှ ကောင်းကျိုးချမ်းသာ ပေးလာမှာမဟုတ်ဘူး။

ကုသိုလ် အကုသိုလ်ကံဆိုသည်မှာ အခု ငရုတ်သီးစား အခုစပ်တာမျိုးမဟုတ်ဘူး။ သစ်ပင်စိုက်တာလိုပဲ

ဒီကနေ့သစ်ပင်စိုက် ဒီကနေ့ပွင့် ဒီကနေ့သီးမှာ မဟုတ်ဘူး။ အချိန်အခါဆိုတာရှိတယ်ပေါ့။ အချိန်အခါရှိတယ် ကံတရားဆိုတာလည်း ထို့အတူပဲ၊ တစ်ခါတစ်ရံကျတော့ လူတွေက မျက်စိလည်တတ်တယ်။ လူတွေက ကောင်းတာ လုပ်နေလျက်သားနဲ့ မကောင်းတာတွေ ဖြစ်တယ်၊ မကောင်းတာတွေ လုပ်နေလျက်နဲ့ ကောင်းပြီးတော့ ကြီးပွားတိုးတက်နေကြတယ် ဆိုတာတွေကို ကြည့်ပြီးတော့ မကောင်းတာလုပ်ပြီး ကြီးပွားတိုးတက်တယ်လို့ ထင်ချင်ထင်နေတတ်တယ်။ ကောင်းတာလုပ်ပြီး ဆုတ်ယုတ် ပျက်ပြားနေတယ်လို့ ထင်ချင်ထင်နေတတ်တယ်။ အဲဒီ အထင်အမြင်တွေက မှန်ကန်တဲ့ အထင်အမြင် မဟုတ်ဘူး။

ကောင်းစားနေခြင်းသည် တချိန်က ကောင်းခြင်းရဲ့ အကျိုးတရားတွေကို ခံစားနေရတာ၊ မကောင်းစားခြင်းသည် တစ်ချိန်က မကောင်းခဲ့တာတွေကြောင့်မို့ အကျိုးခံနေရတယ်လို့ ဒီလိုပဲနားလည်ရမယ်၊ ဘယ်အရာပဲဖြစ်ဖြစ် ကောင်းတာလုပ်ရင်ကောင်းတာ ဖြစ်

တယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ် ဆိုတာ လောကရဲ့ သဘာဝနိယာမတစ်ခုပဲ။ မြတ်စွာဘုရားဟောတဲ့ ကမ္မနိယာမဆိုတာ ဘယ်တော့မှ လမ်းချော်သွားတာ မရှိဘူး။ အကြောင်းနဲ့အကျိုး တွဲဖက်လာလို့ရှိရင် အဆိုးဟာ အဆိုးပဲ၊ အကောင်းဟာ အကောင်းပဲ။ ဒါကြောင့်မို့ မြတ်စွာဘုရားသခင် ပွင့်တော်မူလာတဲ့အခါ မှန်ကန်တဲ့တရားကို ဘုန်းကြီးတို့ တစ်တွေ သိခွင့်ရတာဟာ အရေးကြီးဆုံး အကောင်းဆုံး အရာတစ်ခုကို ရရှိခြင်းပဲ ဒီလိုမှတ်သားကြမယ်။

သုံးပါးရတနာ ကိုးကွယ်ရာလို့ဆိုတာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က အမှန်တရားကို သိပြီးတော့ ဘုရားအဖြစ်သို့ ရောက်လာတာ၊ ဘုရားအဖြစ်သို့ ရောက်တဲ့အချိန်မှာ ဗုဒ္ဓရတနာလို့ဆိုတဲ့ ပထမဆုံး ရတနာ ပေါ်ထွန်းလာတယ်။ အဲဒီ ပေါ်ထွန်းလာတဲ့ ဘုရားရတနာက ဟောပြောတဲ့ တရားတွေက ဒုတိယ ပေါ်ထွန်းလာတဲ့ တရားရတနာပဲ။ တစ်ချို့က မေးတတ်ကြသေးတယ်။ ဘုရားနဲ့ တရား ဘယ်သူက အရင်ပေါ်

တာလဲတဲ့။ ဒီမေးခွန်းကို မေးတတ်ကြတယ်၊ ဘာဖြစ်လို့ မေးလဲလို့ဆိုရင် တရားကျင့်လို့ ဘုရားဖြစ်တယ်၊ အဲဒီတော့ တရားကျင့်လို့ ဘုရားဖြစ်တယ်ဆိုရင် ဘုရား မဖြစ်ခင်က တရားရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ရတယ်။ ဘုရားမဖြစ်သေးခင် ဒီတရားကိုကျင့်ရတယ်၊ အဲဒီတော့ တရားက အရင်ပေါ်တယ်လို့ တစ်ဖက်ကကြည့်ပြီး ပြောစရာရှိတယ်။

သဘာဝတရားက ရှိနေတာမှန်တယ်၊ သို့သော် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးလို့ဆိုတဲ့အထဲမယ် ဘုရားပွင့်တာက အရင်၊ ဘုရားကကျင့်လို့ ကျင့်တဲ့တရား က ဘုရားမဖြစ်ခင်ကတရား မှန်တယ်၊ သို့သော် ဒီနေရာ မှာ တရားရတနာဆိုတာ ဘုရားမဖြစ်ခင်က ကျင့်တဲ့ တရားကို ပြောတာမဟုတ်ဘူး၊ မြတ်စွာဘုရား ဘုရား ဖြစ်လာပြီးတဲ့နောက်မှာ သိလို့ဟောတဲ့ တရားဒေသနာ တွေကို ပြောတာ။

အဲဒီတော့ ဘုရားပွင့်မှ တရားဆိုတာပေါ်တာလေ၊ မြတ်စွာဘုရားဟောပြောမှ ဒီတရားတော်တွေက ထွက်

ပေါ်လာတာ။ ဒါကြောင့်မို့ ဘုရားပေါ်လာပြီးတဲ့ နောက်မှာ တရားပေါ်လာတယ်။ ကြည့်လေ မြတ်စွာဘုရားနဲ့ ဓမ္မစကြာတရား ဘယ်သူကအရင်ပေါ်လဲ။ ဘုရားက အရင်ပေါ်တာလေ။ ဓမ္မစကြာတရားက နောက်မှ ပေါ်တယ်။ ဒါကြောင့်မို့ ဘုရားရတနာပြီးမှ တရားရတနာ။ တပုဿတို့ ဘလ္လိကတို့ မြတ်စွာဘုရားနဲ့ တွေ့တဲ့အခါမှာ ပထမဆုံး သရဏဂုံတည်တာ အဲဒီတုန်းက သံဃာဆိုတာမပေါ်သေးသည့်အတွက်ကြောင့် **ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ** လို့ ဆိုကြရတယ်။ ဒွေဝါစိက သရဏဂုံလို့ခေါ်တယ်။ ဗုဒ္ဓနဲ့ဓမ္မ ဒီနှစ်ခုပဲ ကိုးကွယ်လို့ရသေးတယ်၊ သံဃာမရှိသေးဘူး ပေါ့။

အဲဒီလို **ဒွေဝါစိက သရဏဂုံ**နဲ့ တပုဿ၊ ဘလ္လိက တို့ဟာ ပထမဆုံး ဗုဒ္ဓဘာသာဝင်ဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေပဲပေါ့။ မြတ်စွာဘုရားပေါ်ပြီးတဲ့နောက်မှာ တရားပေါ်လာတယ်၊ မြတ်စွာဘုရားဟောတဲ့တရားကို အနှစ်ချုပ်လိုက်ရင် မဂ္ဂင်ရှစ်ပါးပဲ။ အဲဒီမဂ္ဂင်ရှစ်ပါး အကျင့်

တရားကို ဒီ့ထက် ထပ်ပြီးတော့ ချုံ့လိုက်လို့ရှိရင် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးအကျင့်တရားပဲ။ အဲဒီ သိက္ခာသုံးပါး အကျင့်တရားဖြင့် ဖွဲ့စည်းထားတဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားသည် မည်မျှထိအောင် စွမ်းဆောင်မှုပေးနိုင်သလဲဆိုရင် နိဗ္ဗာန်ထိအောင် စွမ်းဆောင်မှုပေးနိုင်တယ်။ သံသရာဝဋ်က လွတ်စေဖို့ အတွက် မြတ်စွာဘုရားက ဒီလမ်းစဉ်ကို ချမှတ်ဟောကြားတာ ဖြစ်တယ်။

ဆိုပါစို့ ဆေးဆရာပေါ်လာတဲ့အခါမှာ ဆေးဆရာက ဖော်စပ်လိုက်သည့်ဆေးသည် ရောဂါကို ပျောက်စေနိုင်တယ်၊ ဆေးဆရာက ဆေးကုတယ်လို့ပြောပေမယ့် တကယ်က ရောဂါပျောက်အောင် လုပ်တာ ဆရာက လုပ်တာမဟုတ်ဘူး၊ ရောဂါကိုတကယ်ကုတာ ဘယ်သူလဲလို့ဆိုရင် ဆေးပဲ။ ဆေး မစားဘဲနဲ့ ရောဂါဆိုတာ ဘယ်လိုမှ မပျောက်ဘူး။ ဒါကြောင့်မို့ ဥပမာအားဖြင့် ပြောမယ်ဆိုရင် မြတ်စွာဘုရားက ဆေးဆရာနဲ့တူတယ်၊ ဘုရားဟောလိုက်တဲ့တရားက ဖော်စပ်လိုက်တဲ့ဆေးနဲ့

အလားတူတယ်၊ ဒီလိုဆိုလိုတာ။ မြတ်စွာဘုရားသည် မှန်ကန်တဲ့ဆေးကို ညွှန်လိုက်တာကို လူနာဖြစ်တဲ့ ပုဂ္ဂိုလ်က မသောက်ဘူး၊ သတ္တဝါတွေက မကျင့်သုံးဘူး ဆိုလို့ရှိရင် ဒီအကျိုးကျေးဇူးကို ခံစားရမှာမဟုတ်ဘူး။ ဆေးမသောက်တဲ့သူ ရောဂါမပျောက်သလိုပဲ တရား မကျင့်လို့ရှိရင်လည်း နိဗ္ဗာန်ချမ်းသာကို ရမှာမဟုတ်ဘူး၊ ဒါကရှင်းနေတာပဲ၊ အဲဒီလိုဆိုလိုတာ။

ဒါကြောင့်မို့ မြတ်စွာဘုရား ဟောကြားထားတဲ့ ဓမ္မစကြာစတဲ့ ဓမ္မဒေသနာတွေဟာ ဓမ္မရတနာပဲလို့ ရတနာသုံးပါးထဲက ကိုးကွယ်ရတဲ့ ဓမ္မကို ကိုးကွယ်တဲ့ အခါမှာ ဘယ်လိုအကျိုး ကျေးဇူးရှိတာတုန်းလို့ မေးလိုက် လို့ရှိရင် **"ဘဝကန္တာရာနိတ္ထာရဏေန၊ အသာသဒါနေနစ သတ္တာနံ ဘယံဟိံသတိ"** တဲ့။ ဓမ္မရဲ့ စွမ်းရည်ကို အကျဉ်းချုပ်ပြီး ပြောလိုက်တဲ့အခါ ဓမ္မကို ကိုးကွယ် ရတယ်ဆိုတာ ဓမ္မကို ကျင့်သုံးတာကိုပြောတာ၊ တရားကို ကိုးကွယ်တယ်ဆိုတာ ဘုရားကိုကိုးကွယ်တာနဲ့မတူဘူး၊ ဓမ္မကိုကျင့်သုံးတာ၊ ဆိုပါစို့ မြတ်စွာဘုရားက ငါးပါးသီလ

လုံအောင် ကျင့်သုံးရမယ်လို့ဟောတယ်၊ ဟုတ်တယ် မကျိုး၊ မပေါက်၊ မပြောက်၊ မကျား အသက်ကဲ့သို့ တန်ဖိုးထားပြီး ငါးပါးသီလကို ထိန်းသိမ်းစောင့်ရှောက်တယ်၊ ဒါမဇ္ဈကို ကျင့်သုံးတာပဲ။

သီလလုံအောင်လုပ်တယ်၊ သမာဓိတရား ပွားများအားထုတ်တယ်၊ ဝိပဿနာကျင့်စဉ်ကို ကျင့်ကြံကြိုးကုတ်အားထုတ်တယ်။ ဒါ မဂ္ဂင်(၈)ပါး အကျင့်တရားကို ကျင့်ခြင်းပဲပေါ့။ အဲဒီလို ကျင့်သုံးခြင်းဖြင့် ဒီမဇ္ဈဟာ စွမ်းဆောင်မှုတွေ ပေးလာတယ်။ ဘယ်လို ပေးလာတာတုန်းဆို စဉ်းစားကြည့်။

"**ဘဝကန္တာရာနိတ္ထာရဏေန**" ဘဝကန္တာရကနေ ထုတ်ဆောင်ပေးနိုင်တယ်၊ အင်မတန်မှ ဘေးရန်အန္တရာယ်များတဲ့ ခရီးကြီးကို ကန္တာရလို့ခေါ်တယ်။ ဝေးလည်းဝေးတယ်၊ ကမ်းမမြင် လမ်းမမြင် ပင်လယ်ကြီးလို အင်မတန်မှ ဝေးလံသီခေါင်ပြီးတော့ အရိပ်နားခိုစရာမရှိ ဘေးရန်အန္တရာယ်တွေ အလွန်ထူပြောတဲ့ ခရီးကြမ်းကြီး၊ အဲဒီ ကန္တာရခရီးကြီးက ထုတ်ဆောင်

ပေးနိုင်တယ်ဆိုတာ သာမန် စွမ်းရည်သတ္တိနဲ့ ထုတ်ဆောင်မပေးနိုင်ဘူး၊ တကယ် ကန္တာရခရီးသွားတဲ့ လမ်းပြပုဂ္ဂိုလ်နဲ့ ကာကွယ်စောင့်ရှောက်မယ့်ပုဂ္ဂိုလ် မရှိလို့ရှိရင် ဒီကန္တာရခရီးကြီးကို ဖြတ်ကျော်နိုင်စွမ်း မရှိကြဘူးပေါ့။

အဲဒီလိုပဲ ဘုန်းကြီးတို့ ဘဝခရီးကြီးဆိုတာ အင်မတန်မှ ကြမ်းတမ်းတယ်၊ ဘယ်လောက်ထိအောင် ကြမ်းတမ်းတုန်းဆို စဉ်းစားကြည့်ပေါ့၊ ဘုန်းကြီးတို့က လွယ်လွယ်လေးနဲ့ ကျော်ဖြတ်ပြီး ဇိမ်လေးနဲ့ သွားနေကြရတယ်လို့ ဒီလိုအောက်မေ့တာ။ ချမ်းသာတယ်ဆိုတဲ့ လူ့ဘဝမှာကြည့်၊ ဘဝခရီးကို လျှောက်လှမ်းနေကြရင်း တဖြည်းဖြည်း အိုမင်းလာတယ်၊ တော်ကြာ ဟိုနားကနာ ဒီနားကနာ၊ ရောဂါဝေဒနာတွေ ဖြစ်လာတယ်။ နောက်ဆုံးကျတော့ သေဆုံးသွားတယ်။ ဘဝခရီးကို အဆုံးမသတ်ခင် ဒါနဲ့ပဲ သွားတာပဲ၊ လူတိုင်းလူတိုင်းဟာ ဒီအန္တရာယ်တွေကို ကျော်လို့မှမရတာ၊ လူတိုင်း လူတိုင်း ဟာ အိုခြင်းဆိုတဲ့ ဆင်းရဲဒုက္ခကို ကျော်လို့မရဘူး၊

နာခြင်းဆိုတဲ့ ဆင်းရဲဒုက္ခကို ကျော်လို့မရဘူး၊ သေခြင်း ဆိုတဲ့ ဆင်းရဲဒုက္ခကိုလည်း ကျော်သွားလို့မရဘူး၊ ဒီအန္တရာယ်တွေနဲ့ ဧကန်ဒိဋ္ဌတွေ့မှာပဲ၊ မတွေ့ဘဲ မနေဘူး။ အဲဒါကြောင့်မို့လို့ ဒီ ဘဝဆိုတာ တကယ့်ကို အန္တရာယ်တွေပြွမ်းနေတဲ့ ကန္တာရခရီးကြီးပဲလို့ သေချာ အလေးအနက် ဆင်ခြင်စဉ်းစားပြီးတော့ကြည့်။

အဲဒီ ကန္တာရခရီးကြီးက ထုတ်ဆောင်ဖို့ဆိုတာ သာမန်စွမ်းရည်နဲ့ ထုတ်ဆောင်လို့မရဘူး၊ ဘာနဲ့ ထုတ်ဆောင်တုန်းဆို မြတ်စွာဘုရားဟောကြားထားတဲ့ မဂ္ဂင်(၈)ပါး အကျင့်တရား ကျင့်သုံးခြင်းဖြင့်သာ ဟောဒီ ကန္တာရခရီးက ထွက်နိုင်တယ်။ ဒီလိုပြောတာဟာ ဒီတရားအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်သွားလို့ နောက်ဆုံးမှာ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားပြီဆိုရင် ဘယ်တော့မှ မအိုရတဲ့၊ ဘယ်တော့မှ မနာရတဲ့၊ ဘယ် တော့မှ မသေတဲ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင် မှာ။ မအိုရာ၊ မနာရာ၊ မသေရာ၊ နိဗ္ဗာန်ချမ်းသာလို့ ဆိုတဲ့အခါ ဘဝတဏှာရှိတဲ့လူတွေက စဉ်းစားကြလိမ့်

မယ်။ မဒိုး၊ မနာ၊ မသေဘူးဆိုတဲ့ နိဗ္ဗာန်ဟာ ဘုံကြီး လိုလို စိတ်ထဲမှာ ထင်ကောင်းထင်လိမ့်မယ်၊ မြတ်စွာဘုရား ဆိုလိုတာက ဘာတုန်း၊ ခန္ဓာ လုံးဝချုပ်ငြိမ်းသွားတာ၊ ခန္ဓာချုပ်ငြိမ်းသွားလို့ ခန္ဓာမပေါ်တော့ဘူး ဆိုရင် အိုစရာမှမရှိတော့တာ၊ နာစရာလည်း မရှိတော့ဘူး၊ သေစရာလည်း မရှိတော့ဘူး၊ ဒီလိုဆိုလိုတာ။

သို့သော် ဘဝတဏှာ မကင်းသေးတဲ့ သတ္တဝါတွေက ခန္ဓာမရတော့ဘူးဆိုလို့ရှိရင် ကြောက်လန့်ပြီး နိဗ္ဗာန်ချမ်းသာကို ကြောက်နေတယ်၊ တကယ်ကတော့ ချမ်းသာတယ်ဆိုလို့သာ လူတွေက လိုချင်ကြတာ၊ နိဗ္ဗာန်မှာ ခန္ဓာငါးပါးမရှိတော့ဘူး၊ ဘာမှ မဖြစ်တော့ဘူး ဆိုလို့ရှိရင် နိဗ္ဗာန်ကရှောင်ပြေးကြမယ့်လူတွေအများကြီးပဲ။ ဘာဖြစ်လို့တုန်းဆို လူဆိုတာ ဖြစ်ချင်တာ၊ ဖြစ်ချင်တယ်ဆိုတာ ဘဝတဏှာကိုခေါ်တာပဲ၊ မဖြစ်ချင်တော့ဘူးဆိုမှ ဘဝကင်းပြတ်သွားပြီး နိဗ္ဗာန်ရဲ့ အနှစ်သာရ အသွင်သဏ္ဌာန်ဟာ ပေါ်လာမှာဖြစ်တယ်။

ဒါကြောင့် နိဗ္ဗာန်ကို 'တဏှာက္ခယ' လို့ပြောတာ၊ လိုချင်မှုတွေကုန်ဆုံးသွားရတယ်၊ လိုချင်မှုတွေရှိနေသမျှ ကာလပတ်လုံး နိဗ္ဗာန်ချမ်းသာနဲ့ ဝေးနေဦးမှာပဲ။ ဟုတ်ပြီ၊ မဂ္ဂင်(၈)ပါး အကျင့်တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်ရမယ်၊ ဘယ်လိုအားထုတ်မှာလဲ? အားထုတ်တဲ့အခါ မြတ်စွာဘုရားက ထိုထို သုတ္တန်တွေမှာ နည်းလမ်းပေးထားတာရှိတယ်၊ တရားအားထုတ်တဲ့ အခါ တရားကို အပြင်မှာ သွားရှာစရာမလိုဘဲ ကိုယ့်ခန္ဓာကိုယ်မှာပဲ ရှာကြည့်ရမယ်၊ ကိုယ့်ခန္ဓာကိုယ် ရှာကြည့်တော့ ဘာတွေတွေ့တုန်း။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် တွေ့မယ်၊ စိတ်တွေ့မယ်။ အကြမ်းဖျဉ်းအားဖြင့် ပြောမယ်ဆိုရင် လူတွေရဲ့သန္တာန်မှာ ပြင်ပ ဗဟိဒ္ဓအာရုံတွေနဲ့ ဆက်သွယ်နေတာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဒါပဲရှိမယ်။

အဲဒီတော့ ပြင်ပအာရုံတွေနဲ့ ဆက်သွယ်လာတဲ့ ဒီ sense organs လို့ခေါ်တဲ့ အင်္ဂါရပ် (၆)ခု၊ ဒါကိုပဲ အဇ္ဈတ္တိကာယတန ခြောက်ခုလို့ ခေါ်တာပဲ။ ဒါ ကိုယ့်

သန္တာန်မှာရှိတယ်၊ မျက်စိမှာလာပြီးထင်တာက **အဆင်း**အာရုံ နားမှာကြားတာက **အသံ**၊ နှာခေါင်းမှာ ပေါ်လာရတာက **အနံ့**၊ လျှာပေါ်မှာ လာပေါ်တာက **အရသာ**၊ ခန္ဓာကိုယ်မှာထိတွေ့တာက **အထိအတွေ့**အာရုံ စိတ်ကူးထဲမှာ လာပေါ်တာက **မနောအာရုံ** ဆိုတဲ့ အာရုံခြောက်ပါး၊ အပြင်ဘက်က ဗာဟိရာယတန ခြောက်ပါး၊ ကြည့်နော်-ဘုန်းကြီးတို့တွေ အမှန်သိအောင် ကြိုးစားတယ်ဆိုတာ မဂ္ဂင်(၈)ပါး အကျင့်တရားကို ကျင့်တဲ့အခါ ဘယ်မှာသွားကျင့်ရမလဲဆိုရင် အခြားကို သွားကျင့်ရမှာမဟုတ်ဘူး၊ ကိုယ့်မှာရှိတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်နှင့် ထင်လာတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အတွေးအာရုံ ဆိုတဲ့အပေါ်မှာ ကျင့်ရတာ။

ဒါတင်ပြီးသွားပြီလားဆို မပြီးသေးဘူး၊ မျက်စိနဲ့အဆင်းအာရုံ ဆုံလိုက်တဲ့အခါ ဘာလာတတ်တုန်းဆို မြင်သိစိတ်လာတယ်၊ နားနဲ့အသံဆုံတဲ့အခါ ကြားသိစိတ်ကလေးလာတယ်၊ နှာခေါင်းနဲ့အနံ့ ဆုံတဲ့အခါမှာ နံ့သိ

စိတ်လာတယ်၊ လျှာနဲ့အရသာ ဆုံတဲ့နေရာမှာ လျက်သိစိတ်ကလေးလာတယ်၊ ခန္ဓာကိုယ်နဲ့ အထိအတွေ့အာရုံဆုံတဲ့နေရာမှာ ထိသိစိတ်ကလေးလာတယ်၊ စိတ်နဲ့ အတွေးအာရုံဆုံတဲ့အခါမှာ ကြံသိစိတ်ကလေး လာတယ်ပေါ့၊ နာမ်တရားတွေ ပေါ်လာပုံကလေးတွေနော်။ အဲဒီလို ပေါ်လာတော့ သုံးခုဖြစ်သွားပြီ၊ မျက်စိနဲ့ ပတ်သက်ပြီးတော့ **မျက်စိ**ရယ် **မြင်သိစိတ်**ရယ် **အဆင်း**ရယ် သုံးခုဖြစ်သွားပြီ၊ နားကလည်း **နား**ရယ်၊ **အသံ**ရယ်၊ **ကြားသိစိတ်**ရယ်၊ နှာခေါင်းနဲ့ ဆိုင်တာကလည်း **နှာခေါင်း**ရယ် **အနံ့**ရယ် **နံသိစိတ်**ရယ်၊ လျှာနဲ့ဆုံရာကြည့်လိုက်၊ **လျှာ**ရယ် **အရသာ**ရယ် **လျက်သိစိတ်**ကလေးရယ်၊ **ကိုယ်ကာယ**ရယ် **အထိအတွေ့အာရုံ**ရယ် **ထိသိစိတ်**ရယ်၊ စိတ်နဲ့ကြည့်လိုက်ရင် **စိတ်**ရယ် **ကြံတွေးတဲ့အာရုံ**ရယ်၊ **ကြံသိစိတ်**ရယ်။

ဘုန်းကြီးတို့တတွေ နေ့စဉ် ကိုယ့်ကိုကိုယ် သေချာစဉ်းစားကြည့်၊ ဒါကလွဲရင် ဘာရှိမှာလဲ၊ ဒီဟာတွေနဲ့ပဲ သွားနေတာ၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ အဆင်း၊

အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အတွေးအာရုံ၊ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျက်သိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်။ ဒီရုပ်နာမ်တရားတွေကို ဘယ်လို နှလုံးသွင်းရမလဲဆိုတာ စာပေကျမ်းဂန်အရ မြတ်စွာဘုရားရဲ့ အဆုံးအမကို မှတ်သားကြရမယ်။ မြတ်စွာဘုရားက ဘာဟောလဲဆို **"သဗ္ဗေ ဓမ္မာ နာလံ အဘိနိဝေသာယ"** ဒီစကားလေးက ဝိပဿနာလမ်းစဉ်ကို ဟောတဲ့စကားလေး။ **သဗ္ဗေ ဓမ္မာ** အခုပြောတာကြည့် မျက်စိနဲ့ပတ်သက်တာ သုံးခု၊ နားနဲ့ပတ်သက်တာသုံးခု၊ နှာခေါင်းနဲ့ပတ်သက်တာ သုံးခု၊ လျှာနဲ့ပတ်သက်တာ သုံးခု၊ ခန္ဓာကိုယ်နဲ့ ပတ်သက်တာ သုံးခု၊ စိတ်နဲ့ ပတ်သက်တာ သုံးခုလို့။ အဲဒီ(၃)ခု၊ ဒီ အားလုံးသော တရားတွေကို **"အဘိနိဝေသာယ"** ငါ၊ ငါ့ဟာ ဆိုတဲ့ အတွေးနဲ့ မှတ်ယူဖို့ရန်အတွက် **"နာလံ"** မသင့်တော်ဘူး။

ဆိုလိုတာက အခုပြောတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဒီ (၃)မျိုး သုံးမျိုးစီသော သဘာဝ

တရားတွေကို ငါ့ဟာလို့ဘယ်တော့မှ မတွေးပါနဲ့ ငါလို့လဲ ဘယ်တော့မှ မတွေးပါနဲ့၊ ဘာဖြစ်လို့တုန်းဆို "ငါ" လို့သွားတွေးလို့ရှိရင် မမှန်ကန်ဘူး၊ "ငါ့ဟာ"လို့သွားတွေး လို့ရှိရင်လည်း အမှန်မဟုတ်ဘူး။ အထင်အမြင်မျှသာ ဖြစ်တယ်၊ "ငါ"လည်းမဟုတ်ဘူး၊ "ငါ့ဟာ"လည်း မဟုတ် ဘူး၊ ဒီလိုဆိုလိုတယ်။

ကိုယ်စဉ်းစားကြည့်ပေါ့၊ လူတိုင်းလူတိုင်းဟာ ကိုယ့်မျက်စိကို ငါ့မျက်စိလို့ ထင်မနေကြဘူးလား? ထင်တယ်၊ ထင်နေသည့်အတွက်ကြောင့် ငါ့မျက်စိ ငါ့ မျက်လုံး ဆိုပြီးတော့ မျက်စိမှာတစ်ခုခုဖြစ်လာလို့ရှိရင် ပူလိုက်ကြတာ စိုးရိမ်လိုက်ကြတာ၊ ငါ့မျက်စိလေး တစ်ခုခုဖြစ်တော့မှာပဲဆိုပြီး ဆရာဝန်ဆီပြေး ပူနေကြ တာ၊ လုပ်သင့်လို့လုပ်တာကို ပြောတာမဟုတ်ဘူး၊ စိုးရိမ် စိတ် ဝင်မဝင် ကိုယ့်ဟာကိုယ် ဆင်ခြင်စဉ်းစားကြည့်၊ ဘာဖြစ်လို့စိုးရိမ်တာလည်းလို့ မေးလို့ရှိရင် ငါ့ဟာလို့ ထင်နေလို့ စိုးရိမ်တာလေ။ အစကတည်းက ကံကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်တရားသက်သက်မျှသာ၊ ငါမဟုတ်

ဘူးလို့ နှလုံးသွင်းထားမယ်ဆိုရင် ပူစရာရှိပါမလား? မရှိဘူး။

လမ်းဘေးက သစ်ပင်ကြီးတစ်ပင် လေတိုက်လို့ ကျိုးကျသွားလို့ရှိရင် ငါ့မှဖြစ်ရလေခြင်း၊ ငါ့ဟာကျိုးသွားပြီလို့ ဘယ်သူများတွေးတုန်း၊ မတွေးဘူး။ အဲဒီအတိုင်းပဲ ကိုယ့်ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တွေ နာမ်တွေဟာ လမ်းဘေး သစ်ပင်နဲ့ အတူတူပဲ။ ဒါ မြတ်စွာဘုရားဟောထားတဲ့ "**နတုမှာက**" သုတ်မှာ ဒီအတိုင်းပဲပြောထားတယ်။ "**ရူပံ ဘိက္ခဝေ နတုမှာကံ၊ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ**" ချစ်သားရဟန်းတို့၊ ရုပ်တရား မှန်သမျှဟာ မင်းတို့ဟာမဟုတ်ဘူးတဲ့၊ မင်းတို့ဟာ မဟုတ်သည့် အတွက်ကြောင့် တွယ်မထားကြနဲ့၊ လွှတ်လိုက်ကြတဲ့။

ဘုန်းကြီးတို့တတွေက တွယ်ထားနေတာကိုး၊ ဘယ်လိုတွယ်ထားတုန်း၊ 'ငါ'လို့လည်း တွယ်ထားတယ်၊ 'ငါ့ဟာ'လို့လည်း တွယ်ထားတယ်၊ အမြဲတမ်း စိတ်ထဲမှာ စွဲမှတ်နေတယ် 'ငါ၊ ငါ့ဟာ' ဆိုတဲ့ အတွေးတွေနဲ့

စွဲမှတ်ထားတယ်၊ တွယ်ထားသည့်အတွက်ကြောင့် ဒုက္ခ ရောက်နေကြတာ။ အဲဒီ အတွယ်တွေပြတ်အောင် ကြိုးစားအားထုတ်ရမှာ။

ဒါကြောင့်မို့ ဝိပဿနာတရား အားထုတ်တော့ မယ်ဆိုရင် **"သဗ္ဗေ ဓမ္မာ နာလံ အဘိနိဝေသာယ"** ဟောဒီ ရုပ်တရား နာမ်တရားတွေအားလုံးကို ငါ၊ ငါ့ဟာဆိုတဲ့ အတွေးနဲ့ မတွေးသင့်ဘူးတဲ့။ ငါ၊ ငါ့ဟာ မဟုတ်ဘူး၊ သူ့အကြောင်းနဲ့သူဖြစ်နေတဲ့ တရားမျှ ဖြစ်တယ်၊ ငါ့ဟာ လုပ်နေလည်း ငါ့ဟာဖြစ်မလာဘူး၊ ငါလုပ်နေလည်း ငါမဟုတ်ဘူးဆိုတဲ့ အတွေးတွေ contemplation လို့ ခေါ်တယ်၊ အလေးအနက်ထားပြီးတော့ ဆင်ခြင်စဉ်းစားကြည့်ရမယ်။

မြတ်စွာဘုရားက ဘဝ ဆိုတဲ့ ကန္တာရခရီးက ထွက်ပေါက်ရဖို့ရန်အတွက် ဟောတဲ့ ဓမ္မရတနာပဲပေါ့။ ဒီဓမ္မရတနာကို မိမိတို့ကိုယ်တိုင် လျှောက်လှမ်းပြီးတော့ ဒီအတွေးတွေ ဒီအသိတွေရအောင် ကြိုးစားအားထုတ်မှ **ဓမ္မံ သရဏံ ဂစ္ဆာမိ** လို့ ရွတ်ဆိုရခြင်းအကျိုးဟာ

အပြည့်အဝရမှာဖြစ်တယ်၊ အဲဒီလို မဟုတ်ဘူးဆိုလို့ရှိရင် **ဓမ္မံ သရဏံ ဂစ္ဆာမိ** လို့ဆိုပေမယ့်လို့ တကယ် မကိုးကွယ် မကျင့်သုံးသည့် အတွက်ကြောင့် အကျိုးကျေးဇူးဟာ ဒီလောက်ခံစားရမှာမဟုတ်ဘူး၊ ဒီလိုမှတ်ရမယ်။ ဒါကြောင့်မို့ ဝိပဿနာ ကျင့်စဉ်အတိုင်း မြတ်စွာဘုရားက ငါ၊ ငါ့ဟာလို့ မမှတ်ကြနဲ့၊ မမှတ်ထိုက်ဘူး၊ မမှတ်ထိုက်သည့်အတွက်ကြောင့် ဒီရုပ်တရား၊ နာမ်တရားတွေကို သူ့သဘာဝအတိုင်းသိအောင် ကြိုးစားကြ၊ သိအောင်ကြိုးစားပြီးလို့ရှိရင် ဘယ်လိုသိအောင် ကြိုးစားရမလဲ၊ မမြဲဘူးဆိုတာသိအောင်ကြိုးစားရမယ်၊ မမြဲသည့်အတွက်ကြောင့် ကျေနပ်စရာမကောင်းဘူး၊ ဆင်းရဲတယ်ဆိုတာ သိအောင် ကြိုးစားရမယ် ငါမဟုတ်ဘူး (သို့မဟုတ်) ငါဖြစ်ချင်တဲ့အတိုင်း မဖြစ်ဘူးဆိုတဲ့ အနတ္တသဘောတွေသိအောင် ကြိုးစားရမယ်တဲ့။ ဒီလို ပရိညာသုံးပါးနဲ့(ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ)နဲ့ မိမိစိတ်ထဲမှာ စွဲနေတဲ့ သံသရာကနေ ကပ်ပြီးတော့ ပါလာတဲ့ အတွေးတွေ ဖယ်ရှားပစ်နိုင်မှာ၊ ဓမ္မ

စွမ်းရည် အပြည့်အဝ ခံစားနိုင်ကြမှာဖြစ်တယ်။ ဒါမှသာ သုံးပါးရတနာ ကိုးကွယ်ရာဆိုတာ အဓိပ္ပါယ်ရှိပြီး အနှစ်သာရ ပြည့်တာ။ အဲဒီလိုမဟုတ်ဘဲ ထိုင်ရှိခိုးနေရုံနဲ့တော့ မရဘူး ဒီလိုဆိုတာ။

နောက် **သံဃရတနာ** ဆိုတာကျတော့ ဘာလဲ? သံဃရတနာဆိုတာ ကြည့်၊ မြတ်စွာဘုရား ဟောထားတဲ့ တရားဓမ္မတွေ၊ မြတ်စွာဘုရားကဟောတယ်၊ ဓမ္မစကြာကနေစပြီးတော့ ၄၅-ဝါ ကာလပတ်လုံး ဟောတာ၊ တရားတွေ မြောက်များစွာ ဟောတာ၊ ၄၅-ဝါပြည့်လို့ သက်တော် ၈၀-အရွယ်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတယ်၊ ဘာတွေကို ထားခဲ့တာလဲဆိုတော့ ဟောထားတဲ့ ဒေသနာတွေကိုထားခဲ့တာ။ "**ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ**" လို့ မိန့်ကြားခဲ့တာဖြစ်လို့ ဓမ္မရှိနေသမျှ ဗုဒ္ဓရတနာဟာလည်း ဆက်လက်ပြီးတော့ တည်တံ့နေတယ်လို့ ဆိုရမှာပဲ။

ဒါကြောင့် ဒီကနေ့ခေတ်အထိ **သုံးပါးရတနာ ကိုးကွယ်ရာ** ဆိုပြီး အပြည့်အဝ ကိုးကွယ်ခွင့်ရနေကြတာ၊ ကုသိုလ်ကောင်းမှု ပြုချင်ပြီ ဆိုလို့ရှိရင် သံဃာတွေမှာ ကုသိုလ်ကောင်းမှုပြုမယ်ဆိုရင် "**အပ္ပကာနမ္ပိ ကာရာနံ ဝိပုလဖလ ပဋိလာဘကရဏေန သတ္တာနံ ဘယံ ဟိံသတိ သံဃော**" ကုသိုလ်ကောင်းမှု လုပ်တာ နည်းနည်းလေးလုပ်တောင် အများကြီး အကျိုးရတယ် ဆိုတာ သံဃရတနာရဲ့အကျိုးကျေးဇူးပဲ။ ဒါ အများ နားလည်နိုင်အောင် ဖော်ပြတဲ့စကားလုံးပဲ၊ စဉ်းစား ကြည့်လိုက်၊ သာသနာဆိုတာ မရှိတော့ဘူး၊ ရဟန်း သံဃာဆိုတာ မရှိတော့ဘူး၊ အခု အိန္ဒိယနိုင်ငံမှာ ဒေလီ အနီးပတ်ဝန်းကျင်မှာ ဘုန်းကြီးကျောင်းတွေ ရှိတယ်၊ ကုလားရွာတွေမှာ ကျောင်းတွေရှိတယ်၊ ဘုန်းကြီး မရှိတော့ဘူး၊ ဘုန်းကြီးမရှိတော့ ကုသိုလ်ကောင်းမှု လုပ်ချင်ရင် သူတို့မှာ လုပ်စရာနေရာမရှိဘူး၊ ဘာဖြစ်လို့ သိရတာလဲဆိုတော့ ဒေလီဘက်မှာ ကျောင်းသွားတက်တဲ့ ဗမာရဟန်းတော်တွေ တွေ့လို့ရှိရင် အဲဒီ ဗုဒ္ဓ

ဘာသာဝင် ကုလားတွေက ပင့်ကြတယ်တဲ့၊ သို့သော် ဘုန်းကြီးကို ဘယ်လိုကပ်ရတယ်၊ ဘယ်လိုလှူရတယ် ဆိုတာ မသိတော့ဘူး၊ သူတို့ ဘုန်းကြီးကျောင်း ဆိုတာလည်း သိသေးတယ်၊ ဘုန်းကြီးဆိုတာလည်း သိသေးတယ်။ သံဃာမရှိတော့သည့်အတွက်ကြောင့်၊ သွန်သင်ဆုံးမမယ့်ပုဂ္ဂိုလ် မရှိသည့်အတွက်ကြောင့် ယောင်လည်လည်ဖြစ်နေကြတယ်။ လမ်းညွှန်မယ့်ပုဂ္ဂိုလ် မရှိသည့်အတွက်ကြောင့် လမ်းစပျောက်နေတဲ့ အနေ အထားကို ရောက်နေတယ်။ တစ်ချိန်တုန်းက မြတ်စွာ ဘုရား ပွင့်ခဲ့တဲ့နေရာနော်၊ အခု မြန်မာနိုင်ငံမှာ သံဃာ တွေ ရှိနေသည့်အတွက်ကြောင့် သံဃာတွေက မြတ်စွာ ဘုရားဟောတဲ့ တရားတွေကို အတိအကျ ဆုံးမ ဟောပြောပေးနေကြတယ်၊ သံဃရတနာ ရှိနေသည့် အတွက် ဘုရားအကြောင်းလည်းသိရတယ်၊ တရား အကြောင်းလည်းသိရတယ်၊ အင်မတန်မှ ကျေးဇူးကြီး တယ်လို့ ဒီလိုပြောရမယ်။

ကုသိုလ်ကောင်းမှုလုပ်ပြီဆိုတဲ့အခါမှာ ကြည့်-သံဃာမရှိတော့ဘူးဆိုရင် ဘယ်နေရာသွားလုပ်မလဲ? လမ်းဘေးက တောင်းစားတဲ့လူတွေပဲ အလှူလုပ်ဖို့ ရှိတယ်၊ အခု သံဃာရတနာ ရှိနေသည့်အတွက်ကြောင့် သံဃာတွေဆီသွားပြီး အလှူအတန်းလုပ်ရတော့ စိတ်ထဲမှာ ကြည်နူးမှုတွေနဲ့ ကိုယ်လုပ်လိုက်ရတဲ့ ကုသိုလ်ကောင်းမှုရဲ့ အကျိုးကျေးဇူးတွေဟာလည်း များစွာရကြတယ်၊ အကျိုးကျေးဇူးတွေ ခံစားကြရမှာဖြစ်တယ်။

ဒါကြောင့်မို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ကိုးကွယ်ကြတဲ့ "**သုံးပါးရတနာ ကိုးကွယ်ရာ**" ဆိုတာ တကယ့်ကို ကိုးကွယ်ရာအစစ်ဖြစ်တယ်။ အားလုံးသော တရားချစ်ခင် သူတော်စင်ပရိသတ်တို့ ရတနာသုံးပါးနှင့် ပတ်သက်ပြီးတော့ မှန်ကန်တဲ့ စိတ်နေစိတ်ထားတွေနဲ့ ကိုးကွယ်ဆည်းကပ်ကြဖို့၊ ဒါ လေ့လာ ဆည်းပူး အားထုတ်ပြီး အမှန်အကန် ကိုးကွယ်ဆည်းကပ်တတ်မှ သာလျှင် ကောင်းကျိုးချမ်းသာတွေ ပြည့်ပြည့်ဝဝ ရနိုင်တယ်ဆိုတာ မှတ်သားနာယူကြပြီး တို့တတွေ

ကိုးကွယ်နေတဲ့ သုံးပါးရတနာ ကိုးကွယ်ရာ ဆိုတာဟာ တကယ့် ကိုးကွယ်ရာအစစ်ကို ကိုးကွယ်နေရတယ်လို့ စိတ်ထဲမှာ အားရကြည်နူး ပီတိထူးဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဓမ္မ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘမိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၇၉၇၀

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ
၃၃။ န ဝ သော၊ န ဝ အသော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမဂ္ဂါ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဓဇဂ္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွှတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျှက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြွတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ သောသင္ဂဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝဏ်ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ

၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ

၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း

၆၆။ တရားထူးရနိုင်သူ

၆၇။ ကျေးဇူးသိခြင်း

၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်

၆၉။ ကာလာမသုတ် အနှစ်ချုပ်

၇၀။ ခုခံစွမ်းအား

၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်

၇၂။ အခွင့်ကောင်းကို ရအောင်ယူ

၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း

၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ

၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်

၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ

၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း

၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ

၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်

၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား

၈၁။ နိယျာနိကသာသနာ

၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်

၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇေယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ

[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]